ကန့်သတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံစာရင်းကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ( ၁၆ / ၂၀၂၃)**

**၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်**
**(၂၀၂၃ ခုနှစ်၊ မတ်လ ၂၃ ရက်)**

**နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ အကျုံးဝင်သက်ရောက်စေမည့် ဘဏ္ဍာရေးနှစ်ကို ပြင်ဆင်သတ်မှတ်ခြင်း**

၁။ တည်ဆဲဥပဒေများအရ ဖွဲ့စည်းတည်ထောင်သော အများပြည်သူ့အကျိုးစီးပွား နှင့် သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများ (Public Interest Entities) အနေဖြင့် "နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများလိုက်နာကျင့်သုံးရန်ပြဋ္ဌာန်းခြင်း" နှင့်အညီ လိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံစာရင်းကောင်စီ ၏ ၄-၇-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၁၈/၂၀၁၈ ဖြင့် ပြဋ္ဌာန်းပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီသည် နိုင်ငံပိုင်ကဏ္ဍ နှင့် ပုဂ္ဂလိကကဏ္ဍရှိ အများပြည်သူ့အကျိုးစီးပွားနှင့် သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများ၏ "နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများလိုက်နာကျင့်သုံးရန်ပြဋ္ဌာန်းခြင်း" နှင့်အညီ လိုက်နာကျင့်သုံးရန် အဆင်သင့်ဖြစ်မှုအခြေအနေကို စစ်တမ်းကောက်ယူခဲ့ပြီး ပေးပို့လာမှုအပေါ် စိစစ်ချက်အရ အောက်ပါ အကြောင်းရင်းများကြောင့် "နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများလိုက်နာကျင့်သုံးရန်ပြဋ္ဌာန်းခြင်း" နှင့်အညီအပြည့်အဝလိုက်နာကျင့်သုံးနိုင်ရန် လိုအပ်ချက်များရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ နားလည်တတ်ကျွမ်းသော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်နေခြင်း၊

(ခ) နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများအား လက်တွေ့အသုံးချနိုင်မှု အတွေ့အကြုံအားနည်းခြင်း၊

(ဂ) ဘဏ္ဍာငွေလိုအပ်မှု၊ သတင်းအချက်အလက်ရရှိမှု နှင့် ဘဏ္ဍာရေးဆိုင်ရာဆက်စပ်ပတ်သက်သော အဖွဲ့အစည်းများ (Stakeholder) ၏ ပူးပေါင်းဆောင်ရွက်မှုတို့တွင် လိုအပ်ချက်များရှိခြင်း၊

ကန့်သတ်

(ဃ) နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ လိုက်နာနိုင်ရန် နည်းပညာဆိုင်ရာ အကြံပေးဝန်ဆောင်မှု အကူအညီကို ကာလရှည် ရယူရန်လိုအပ်ခြင်း၊

(င) ကိုဗစ် ၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုအခြေအနေကြောင့် နည်းပညာရယူရာတွင် အခက်အခဲများရှိခဲ့ခြင်း။

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံစာရင်းကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် - ၁၈/၂၀၁၈ ၏ အပိုဒ် ၅ ကို အောက်ပါအတိုင်း အစားထိုးသတ်မှတ်လိုက်သည်-

"ဤအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များသည် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှ စ၍ရေးဆွဲသော ဘဏ္ဍာရေးအစီရင်ခံ တင်ပြခြင်းများနှင့်အကျုံးဝင်သက်ရောက်စေရမည်။ ယင်းကဲ့သို့ လိုက်နာဆောင်ရွက်ရာတွင် သတ်မှတ်ချိန်ထက် စောလျင်စွာ ကျင့်သုံးနိုင်သကဲ့သို့ အထက်အပိုဒ် ၃ တွင် ဖော်ပြထားသော လုပ်ငန်းအဖွဲ့အစည်းများသာမက မည်သည့်လုပ်ငန်းမျိုးဖြစ်စေ မဆို လိုက်နာကျင့်သုံးလိုပါက ကျင့်သုံးနိုင်ပါသည်။"

အမိန့်အရ

(သန္တာလေး)
အတွင်းရေးမှူး

စာအမှတ်၊ မစက/ ၁၀၀/( ၃၀၄ / ၂၀၂၃ )
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၃ ရက်

ဖြန့်ဝေခြင်း
မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ နှင့် အဖွဲ့ဝင်များ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း(၂)တွင်ထည့်သွင်း
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } ကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်
ဥက္ကဋ္ဌပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်း
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံး
(အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများသို့ ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်)
မိတ္တူ။

အမိန့်ကြော်ငြာစာ စာတွဲ

ရုံးလက်ခံ

မျှော

အမိန့်အရ

23/1/2023

(ကေသီစိန်)
ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံစာရင်းကောင်စီရုံး